# ပြည်ထောင်စုမြန်မာနိုင်ငံတော်လှန်ရေးကောင်စီ၊ ရန်ကုန်မြို့
# ၁၉၆၄ခုနှစ်၊ ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေ။
# [၁၉၆၄ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်လှန်ရေးကောင်စီဥပဒေအမှတ် ၁၅။]
# ၁၃၂၆ ခုနှစ်၊ တော်သလင်းလဆန်း ၆ ရက်။
# (၁၉၆၄ ခုနှစ်၊ စက်တင်ဘာလ ၁၂ ရက်။)

Myanmar Law Information System (MLIS)

အောက်ဖော်ပြပါဥပဒေကိုထုတ်ပြန်ကျေညာသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်လှန်ရေးကောင်စီဥက္ကဋ္ဌသည်၊ အောက်ပါဥပဒေကို ပြဋ္ဌာန်း လိုက်သည်။

၁။ ။ (၁) ဤဥပဒေကို၊ **၁၉၆၄ ခုနှစ်၊ မော်တော်ယာဉ်ဥပဒေ**ဟု ခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည်၊ ၁၉၆၄ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့တွင်စတင်အာဏာတည်ရမည်။

၂။ ။ (၁) အောက်တွင်ဖော်ပြရာပါ တာဝန်ခံအသီးသီးသည်၊ မိမိနှင့် ယှဉ်တွဲဖော်ပြထားသော ဘဏ္ဍာငွေ များမှ၊ ဆက်လက်ယှဉ်တွဲဖော်ပြထားသည့် ကျပ်ငွေစုစုပေါင်းကို၊ ထပ်မံဆက်လက်ယှဉ်တွဲဖော်ပြထား သော ဇယားတွင်ဖော်ပြထားသည့်အတိုင်းထုတ်၍၊ ၁၉၆၅ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့၌ ကုန်ဆုံး သည့် ဘဏ္ဍာရေးနှစ်ဆိုင်ရာ အသုံးစရိတ်များနှင့် ကိစ္စများအတွက် ခွဲဝေသုံးစွဲနိုင်သည်။

| အမှတ်စဉ် | တာဝန်ခံ | ဘဏ္ဍာငွေအမည် | စုစုပေါင်းငွေ | ရည်ညွှန်းသည့် နောက်ဆက်တွဲ ဇယား |
|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) |
| ၁ | ပြည်ထောင်စုမြန်မာ နိုင်ငံတော်လှန်ရေး အစိုးရ၊ ဘဏ္ဍာရေး ဌာနတာဝန်ခံ။ | ပြည်ထောင်စု၏ ဘဏ္ဍာငွေများ။ | ၁,၉၂,၆၉,၃၉, ၉၄၀ | နောက်ဆက်တွဲ ဇယား(က)။ |
| ၂ | ရှမ်းပြည်နယ်ဦးစီး အဖွဲ့ဥက္ကဋ္ဌ။ | ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေများ။ | ၂,၅၅,၀၃, ၁၉၀ | နောက်ဆက်တွဲ ဇယား(ခ)။ |
| ၃ | ကချင်ပြည်နယ်ဦးစီးအဖွဲ့ဥက္ကဋ္ဌ။ | ကချင်ပြည်နယ်၏ဘဏ္ဍာငွေများ။ | ၁,၃၃,၂၄,၉၀၀ | နောက်ဆက်တွဲ ဇယား(ဂ)။ |

| | | | | |
|---|---|---|---|---|
| ၄ | ကယားပြည်နယ် ဦးစီးအဖွဲ့ဥက္ကဋ္ဌ။ | ကယားပြည်နယ်၏ဘဏ္ဍာငွေများ။ | ၄၅,၅၁,၁၅၀ | နောက်ဆက်တွဲ ဇယား(ဃ)။ |
| ၅ | ကော်သူးလေ ဦးစီးအဖွဲ့ဥက္ကဋ္ဌ။ | ကော်သူးလေ၏ ဘဏ္ဍာငွေများ။ | ၉၇,၃၃,၄၉၀ | နောက်ဆက်တွဲ ဇယား(င)။ |
| ၆ | ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ၊ ဘဏ္ဍာရေးဌာနတာဝန်ခံ။ | အစိုးရလက်အောက်ခံ ဘုတ်အဖွဲ့၊ ကော်ပိုရေး ရှင်း၊ ကောင်စီ၊ ကော်မီတီ၊ ဘဏ်နှင့်အခြားအဖွဲ့အစည်းများ၏ ဘဏ္ဍာငွေများ။ | ၁၂,၅၅,၀၇,၈၃,၀၀၀ | နောက်ဆက်တွဲ ဇယား(စ)။ |
| ၇ | ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ၊ ဘဏ္ဍာရေးဌာနတာဝန်ခံ။ | အစိုးရလက်အောက်ခံ ဒေသန္တရအဖွဲ့အစည်း များ၏ဘဏ္ဍာငွေများ။ | ၉,၁၀, ၄၈,၀၀၀ | နောက်ဆက်တွဲ ဇယား(ဆ)။ |

(၂) ၁၉၆၅ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့၌ ကုန်ဆုံးသည့်ဘဏ္ဍာရေးနှစ်အတွင်းတွင် စုစုပေါင်းကျပ် ငွေ ခြောက်ရာ့ငါးဆယ်ကုဋေ အထိရှိသော ငွေများကို၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ၊ ဘဏ္ဍာရေးဌာန တာဝန်ခံသည်၊ အစိုးရငွေချေးစာချုပ်များ ထုတ်ပေးခြင်းဖြင့်ဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ် စေ၊ မည်သူ့ထံမှမဆို ငွေချေးယူနိုင်သည့်ပြင်၊ ထိုကဲ့သို့ ငွေချေးသောကိစ္စအတွက်၊ မိမိသင့်သည် ထင်မြင်သည့် အတိုးနှုန်းများသတ်မှတ်၍၎င်း၊ ပြန်ဆပ်ရန်၊ ပြန်ရွေးရန်၊ သို့တည်းမဟုတ် အခြားနည်းစီမံ ရန်စည်းကမ်းချက်များထား၍၎င်း၊ အာမခံစာချုပ်များပြုလုပ်၍လည်း ထုတ်ပေးနိုင်သည်။

(၃) ပြည်ထောင်စုမြန်မာနိုင်ငံတော်လှန်ရေးအစိုးရဌာနအားလုံး၊ တော်လှန်ရေးအစိုးရလက်အောက်ခံ ဘုတ်အဖွဲ့၊ ကော်ပိုရေးရှင်း၊ ကောင်စီ၊ ကော်မီတီ၊ ဘဏ်၊ အစိုးရလက်အောက်ခံဒေသန္တရ အဖွဲ့အစည်းနှင့် အခြားအဖွဲ့အစည်းများ၏ ရငွေအားလုံးကို၊ ပြည်ထောင်စု၏ တစုတပေါင်းတည်းသော ငွေစာရင်းတွင် ထည့်သွင်းရမည်။ တော်လှန်ရေးကောင်စီက အတည်ပြုထားသည့်ဇယားအသီးသီးတွင် ဖော်ပြထား သည့် အသုံးစရိတ်အားလုံးကို၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရသည်၊ ပြည်ထောင်စု၏ တစုတပေါင်းတည်းသောငွေစာရင်းမှ ထုတ်ယူသုံးစွဲနိုင်သည်။

(၄) ဤဥပဒေအရ ချေးယူရရှိသော ငွေအားလုံးကို ပြည်ထောင်စု၏တစုတပေါင်းတည်းသော ငွေစာရင်း တွင်ထည့်သွင်းရမည်။

Myanmar Law Information System (MLIS)

(၅) ဤဥပဒေအရ ထုတ်ပေးသည့်အာမခံစာချုပ်များနှင့် သက်ဆိုင်သော ငွေရင်းနှင့်အတိုးကိုင်၊ ထိုအာ မခံစာချုပ်များ ထုတ်ပေးသည့် ကိစ္စနှင့် စပ်လျဉ်း၍ ကုန်ကျသည့် စရိတ်ငွေများကိုင်၊ ပြည်ထောင်စု၏ တစုတပေါင်းတည်းသော ငွေစာရင်း မှထုတ်ပေးရမည်။

ဗိုလ်နေဝင်း၊

ဥက္ကဋ္ဌ၊

ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ။

ရန်ကုန်မြို့၊ ၁၃၂၆ ခုနှစ်၊ တော်သလင်းလဆန်း ၆ ရက်။

(၁၉၆၄ ခုနှစ်၊ စက်တဘာလ ၁၂ ရက်။)

အမိန့်အရ၊

ဗိုလ်မှူးကြီးကိုကို၊

အတွင်းဝန်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်လှန်ရေးအစိုးရအဖွဲ့။

**----- Attachment -----**

[ ပူးတွဲဖော်ပြသော စာရင်း 1 ] 01 နောက်ဆက်တွဲဇယား (က)။ ပြည်ထောင်စု၏ ဘဏ္ဍာငွေများမှသုံးစွဲရန်စာရင်း ခွဲဝေသုံးစွဲသည့်ငွေ။

[ ပူးတွဲဖော်ပြသော စာရင်း 2 ] 02 နောက်ဆက်တွဲဇယား (ခ)။ ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေများမှသုံးစွဲရန်စာရင်း ခွဲဝေသုံးစွဲသည့်ငွေ။

[ ပူးတွဲဖော်ပြသော စာရင်း 3 ] 03 နောက်ဆက်တွဲဇယား (ဂ)။ ကချင်ပြည်နယ်၏ ဘဏ္ဍာငွေများမှ သုံးစွဲရန်စာရင်း ခွဲဝေသုံးစွဲသည့်ငွေ။

[ ပူးတွဲဖော်ပြသော စာရင်း 4 ] 04 နောက်ဆက်တွဲဇယား (ဃ)။ ကယားပြည်နယ်၏ဘဏ္ဍာငွေများမှ သုံးစွဲရန်စာရင်း ခွဲဝေသုံးစွဲသည့်ငွေ။

[ ပူးတွဲဖော်ပြသော စာရင်း 5 ] 05 နောက်ဆက်တွဲဇယား (င)။ ကော်သူးလေ၏ဘဏ္ဍာငွေများမှသုံးစွဲရန်စာရင်း၊ ခွဲဝေသုံးစွဲသည့်ငွေ။

[ ပူးတွဲဖော်ပြသော စာရင်း 6 ] 06 နောက်ဆက်တွဲဇယား (စ)။ အစိုးရလက်အောက်ခံ ဘုတ်အဖွဲ့၊ ကော်ပိုရေးရှင်း၊ ကောင်စီ၊ ကော်မီတီ၊ ဘဏ်နှင့်အခြားအဖွဲ့အစည်းများ၏ဘဏ္ဍာငွေများမှသုံးစွဲရန်စာရင်း၊ ခွဲဝေသုံးစွဲသည့်ငွေ။

[ ပူးတွဲဖော်ပြသော စာရင်း 7 ] 07 နောက်ဆက်တွဲဇယား (ဆ)။ အစိုးရလက်အောက်ခံ ဒေသန္တရအဖွဲ့အစည်းများ၏ဘဏ္ဍာငွေများမှသုံးစွဲရန်စာရင်း ခွဲဝေသုံးစွဲသည့်ငွေ

Myanmar Law Information System (MLIS)